# 4 ဆေးကုသခြင်း

ကလေးငယ်က ကျန်းမာသန်စွမ်းစွာကြီးပြင်းစေရန်ကျန်းမာရေးစစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးခြင်းများ ပြုလုပ်ပေးလျှက်ရှိပါသည်။ မြို့နယ်ရုံးမှအကြောင်းကြားစာများအားမလွဲမသွေဖတ်ရှုပါ။

## 4-1 နို့စို့ ကလေးငယ်ကျန်းမာရေးစစ်ဆေးခြင်း၊(အုပ်စုလိုက်)

၃လမှ ၄လအထိ ၊ ၉လမှ ၁၀လအထိ ၊ ၁နှစ်၆ လ ၊ ၃နှစ် အစရှိသော နို့စို့ကလေးငယ်များအတွက် ဖွံ့ဖြိုးကြီးထွားမှုစစ်ဆေးခြင်း၊အရပ်၊ကိုယ်အလေးချိန်တိုင်းတာခြင်း၊ကလေးပြုစုပျိုးထောင်ခြင်းနှင့်ပတ်သက်သောဆွေးနွေးတိုင်ပင်ခြင်းများအားပြုလုပ်လျှက်ရှိသည်။မြို့နယ်အလိုက်ဆောင်းရွက်ပုံကွာခြားမှုရှိသောကြောင့် နေထိုင်ရာမြို့နယ်တွင်အတည်ပြုမေးမြန်း၍လုပ်ဆောင်ပါ။

## 4-2 ကာကွယ်ဆေးထိုးခြင်း၊

ကာကွယ်ဆေးသည်ရောဂါမဖြစ်အောင်၊ ကူးစက်မရှိအောင်၊ ရောဂါလက္ခဏာကိုပေါ့လျော့အောင်၊ ကူးစက်ပြန့်ပွါးမှု မရှိအောင် ကာကွယ်သောဆေးထိုးခြင်းများကိုဆိုလိုသည်။ ကူးစက်ရောဂါများမှကာကွယ်ရန် ကာကွယ်ဆေးထိုးခြင်း ဥပဒေဖြင့်ပြဌာန်းထားသည်။ ကာကွယ်ဆေးထိုးခြင်း ဥပဒေကသတ်မှတ်ထားသော ကာကွယ်ဆေးများမှာ အခမဲ့ဖြစ်သည်။ ရောဂါမဖြစ်စေရန်ကိုယ်ခံအားမြှင့်တင်ခြင်းသည်လည်းအရေးပါသောအရာဖြစ်သည်။ နားမလည်သောအရာ၊ စိတ်ပူပန်သောအရာများရှိပါက အမြဲကုသမှုကိုခံယူနေသောဆရာဝန်၊မြို့နယ်ရုံး၊ ကျန်းမာရေးဌာနများတွင်ဆွေးနွေးတိုင်ပင်ပါ။

## 4-3 နို့စို့ကလေးဆေးကုသမှုစရိတ်ကျခံခြင်းနှင့်ပတ်သက်သောချွင်းချက်

ကျန်းမာရေးအာမခံစနစ်သို့ဝင်ရောက်ထားသောအခါတွင်သာမာန်အားဖြင့်ဆေးကုသမှုစားရိတ်၏ ၃၀ရာခိုင်နှုန်းအားပေးဆောင်ရမည်ဖြစ်သည်။မသင်မနေရပညာရေးစနစ်မတက်ရောက်မီ (၆)နှစ်ပြည့်ပြီး ပထမဆုံးမတ်လ ၃၁ရက်နေ့အထိ) ၂၀ရာခိုင်နှုန်းသာပေးဆောင်ရမည်ဖြစ်သည်။ ထို့အပြင်(နို့စို့)ကလေးငယ် ဆေးကုသမှု စရိတ်ထောက်ပံ့ရေး စနစ်အားကိုယ်ပိုင်အစီအစဉ်ဖြင့်ဆောင်ရွက်နေသောဒေသအစိုးရများလည်းရှိသည်။